ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန


# အကောက်ခွန်သတင်းလွှာ


အတွဲ ၂ ၊ အမှတ် ၁၀ | ၂၀၁၇ ခုနှစ် ၊ ဇူလိုင် ၁ ရက်


## The Development Partner Meeting




၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂) ရက်နေ့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပပြုလုပ်သော အကောက်ခွန်ဦးစီးဌာန၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးနေသော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့် JICA Myanmar Office မှ Mr Masayuki Karasawa တို့မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာအဖွဲ့အစည်းများမှ အကောက်ခွန်ဦးစီးဌာနသို့ ပံ့ပိုးကူညီနေမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းများ နှင့် JICA Myanmar Office မှ တာဝန်ရှိ ပုဂ္ဂိုလ်များ စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

# ကမ္ဘာ့ဘဏ်မှတာဝန်ရှိပုဂ္ဂိုလ်များ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်ထံသို့ လာရောက်တွေ့ဆုံခြင်း



ကမ္ဘာ့ဘဏ်မှ Mr. Sjamsu Rahardja သည် ၂၀၁၇ ခုနှစ် ၊ ဇွန်လ (၆) ရက်နေ့တွင် အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်ထံသို့ လာရောက်တွေ့ဆုံခဲ့ပါသည်။

လာရောက်တွေ့ဆုံရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ဘဏ် မှ အကောက်ခွန်ဥပဒေပြုပြင်ပြောင်းလဲပြင်ဆင်ခြင်းနှင့် အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရန် ရည်ရွယ်၍လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများ နှင့် ကမ္ဘာ့ဘဏ်မှတာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း (၁၄) ဦးတက်ရောက်ခဲ့ပါသည်။

# Phase II Customs and Enforcement Officers Training Workshop



၂၀၁၇ ခုနှစ် ဇွန်လ (၁၅) ရက်နေ့မှ (၁၆) ရက်နေ့ထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်း ခန်းမတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော အကောက်ခွန် ဥပဒေအရ အရေးယူဆောင်ရွက်မည့်ဌာနများမှ အရာထမ်းများအတွက် အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်းခြင်း/တင်ပို့ခြင်း စီမံခန့်ခွဲမှုဆိုင်ရာအဆင့် (၂) “ Phase II Customs and Enforcement Officers Training Workshop” သင်တန်းအလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

သင်တန်းအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုက်ဒရို ကလိုရိုဖလူရိုကာဗွန်သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်များ ၊ ခွဲတမ်းခွဲဝေခြင်း နှင့် ထောက်ခံချက်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများ ၊ HCFCs နှင့် Methyl Bromide တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ စသည်တို့ကိုရှင်းလင်းတင်ပြသွားပါသည်။

အဆိုပါ သင်တန်းအလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၂၀) ဦး နှင့် ကုန်သွယ်ရေး ဦးစီးဌာနမှ အရာထမ်း(၅) ဦး ၊ စုစုပေါင်းသင်တန်းသား (၂၅) ဦးတက်ရောက်ခဲ့ပါသည်။

# အကောက်ခွန် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခြင်း



၂၀၁၇ ခုနှစ် ဇွန်လ (၁၅) ရက်နေ့မှ (၂၂) ရက်နေ့အထိ ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ကျင်းပပြုလုပ်ခဲ့သော "Seminar for Myanmar Customs on CV & PCA in Japan" ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ခေါင်းဆောင်သော မြန်မာအကောက်ခွန် အရာထမ်း (၁၇) ဦး နှင့် JICA မှ ကျွမ်းကျင်ပညာရှင် Mr . Shuhei Ueno ဦးဆောင်သော အဖွဲ့ဝင် (၃) ဦးတို့ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာအကောက်ခွန်အနေဖြင့် အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း၊ နှောင်းစာရင်းစစ်ဆေးခြင်းတို့နှင့်ပတ်သက်၍ ပိုမိုပြီးနက်ရှိုင်းစွာနားလည်နိုင်စေရန်၊ မြန်မာနိုင်ငံတွင် အသုံးပြုမည့် နှောင်းစာရင်းစစ်ဆေးခြင်းစနစ်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအကြောင်းအရာများ ၊ အချက်အလက်များကို ရှာဖွေသွားရန်နှင့် နှောင်းစာရင်းစစ်ဆေးခြင်းစနစ်အား သင့်လျော်သည့်အချိန်တွင် စတင်လုပ်ဆောင်သွားနိုင်စေရန် ရည်ရွယ်၍ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# ကုန်သေတ္တာထိန်းချုပ်ရေးစနစ် Container Control Unit (CCU) ဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာန နှင့် UNODC တို့ပူးပေါင်း၍ Strategic Trade and Export Control Workshop အား ရန်ကုန်မြို့ ၊ ပါရမီလမ်းရှိ ပါရမီဟိုတယ်တွင် ၂၀၁၇ ခုနှစ် ၊ ဇွန်လ (၁၉) ရက်နေ့ မှ (၂၃) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာအကောက်ခွန် နှင့် မိတ်ဖက်ဌာနဆိုင်ရာများက တရားမဝင် ကုန်သွယ်မှု နှင့် ကုန်ပစ္စည်း တင်သွင်း/တင်ပို့မှု များအား တားဆီးထိန်းချုပ်နိုင်ရန်နှင့် စောင့်ကြပ်ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အခမ်းအနားကို စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၇) ဦး ၊ အနုမြူစွမ်းအင်ဦးစီးဌာနမှ (၂) ဦး ၊ အကောက်ခွန်ဦးစီးဌာနမှ (၁၀) ဦး ၊ စုစုပေါင်း (၁၉) ဦးတက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၃၆.၉၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျှက်ရှိရာ ဇွန်လ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၄၁၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် ( ၃၅၃၆.၉၄၁) သန်းခန့်ဖြစ်ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၇) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၄၀၈.၃၈၂) သန်းခန့်ရှိသည့်အနက် ၁၆-၆-၂၀၁၇ ရက်နေ့တွင် MIPL ဆိပ်ကမ်း၌ United Glorius Services Co., Ltd မှ တင်သွင်းလာသော Recon: Nissan Tank Lorry (R.H.D), Mdl-2016 (1) Unit အားစစ်ဆေးခဲ့ရာ မူလစက်ရုံထုတ် Tank Lorry မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ပိုင်ရှင်မှစွန့်လွှတ်ကြောင်း ကြေညာသဖြင့် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၅၃၆.၉၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၀၇) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၃၁၂၈.၅၅၉) သန်းခန့် ရှိသည့်အနက် ၁၅-၆-၂၀၁၇ ရက်နေ့တွင် လားရှိုး မှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံ ယာဉ်အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းအရတားဆီး ရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်အတွင်း အဝတ်အစားများနှင့်ရောနှောသယ်ဆောင် လာသော ပလပ်စတစ်ကပ်ခွာအိတ်အကြည် ၊ မှိုင်းကိုင်စက္ကူတို့နှင့် ထုပ်ပိုးထားသော အပြာရောင်ပလပ် စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် “WY” စာတမ်းပါလိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား (၁၉) ထုပ် (၃၉၉၀) ပြား  အလေးချိန် (399)g ၊ “ 88 ” နှင့် “ I ” စာတမ်းတစ်ဖက်စီပါ နီညိုရောင်စိတ်ကြွ ရူးသွပ်ဆေးပြား (၈၀) ထုပ် (၁၆၀၀၀)ပြား အလေးချိန် (1.6) kg နှင့် ဆပ်ပြာခွက် (၁၁) ခွက်အတွင်း ပလပ်စတစ်အကြည်ဖြင့်ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင် အမှုန့် (121) g ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်(၁၀၈.၄၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၅၃၆.၉၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၃-၆-၂၀၁၇ ရက်နေ့တွင် မူဆယ် မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေ စစ်ဆေးခဲ့ရာဆပ်ပြာခွက်(၁၁၁) ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့်များ(1.110)Kg နှင့် အပြာရောင်ပလပ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် “WY” အနီရောင်စိတ်ကြွရူးသွပ် ဆေးပြား၊ “ 88 ” နှင့် “ I ” စာတမ်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း (၁၉၆၉၅) ပြား၊ အလေးချိန်(1.772)Kg နှင့်သယ်ဆောင်သည့် မော်တော်ဆိုင်ကယ် (၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၆၀.၆၈) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၃၆.၉၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၃-၆-၂၀၁၇ ရက်နေ့တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Ford Ranger နှင့် Mazda ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများနှင့်ကျောက်ဖြတ်စများ (1754) Kg နှင့် သယ်ဆောင်သည့် ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၀.၇၀) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၃၆.၉၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု










ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၈-၆-၂၀၁၇ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် သစ်ဆိမ့်ပင်-စွပ္ပနူးလမ်း၌ (၁၂)ဘီးယာဉ်(၄) စီးအား သတင်းရရှိ၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည် ထက်ပိုမိုသယ်ဆောင်လာသည့် Washing Machine (42)U, Refrigerator (64)U, TableFan (119)U, Jar Pot (24) U, Frying Pan (23) U, Insulating Tape (157)Kg နှင့်တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Double Black Label (1×12) (120) Pkgs, Gold Reserve (0.75×6)(5) Pkgs, Gold Label (0.75×12) (160) Pkgs, Black Label (1×12) (0.75×12) (70) Pkgs, Red Label (1.25×6) (1×12) (0.75×12) (232) Pkgs နှင့် သယ်ဆောင် သည့်ယာဉ် (၄) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၀၃.၇၂၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖွန်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၇ မှု | ၇ မှု | ၁၇၇.၀၅၆ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၀.၇၂၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၀ မှု | ၁၀ မှု | ၂၉.၅၆၄၄ သန်း |
| | စုစုပေါင်း | - | ၁၈ မှု | ၁၈ မှု | ၂၀၇.၃၄၅၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၀-၆-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၆၆) မှု ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၄၆၄.၉၀၆၉) သန်းခန့်အားတားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သောဘီယာများ ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူစားသုံးရန် ၊ သုံးစွဲရန်မသင့်သော သက်တမ်းလွန် စားသောက်ကုန်များနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Beer များ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂၁.၂၃၃) သန်းခန့်အား (၁၉-၆-၂၀၁၇) ရက်နေ့ နံနက် (၁၀:၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သောဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ကန့်သတ်ကုန်ပစ္စည်းများဖျက်ဆီးခြင်း





မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက် ၊ ဘီယာ နှင့် ကွမ်းစားဆေးများ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်သန်း (၂၂၉.၀၉၇) ခန့်အား (၂၉-၆-၂၀၁၇) ရက်နေ့တွင် ဖျက်ဆီးရေးအဖွဲ့ဖြင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီးသည့် ရေယာဉ် (၁) စီးအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ရေယာဉ် (၁) စီးအား (၁၆-၆-၂၀၁၇) ရက်နေ့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင်မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော တင်ဒါရောင်းချရေးအဖွဲ့ဖြင့် ဈေးပြိုင်တင်ဒါရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၅.၅) သန်းရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ အဆင့်ရောက် ပစ္စည်းများအား (၂-၆-၂၀၁၇) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် တာချီလိတ် မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်းမှ ဥက္ကဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၂) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်း ကျပ် (၁၁.၅၃) သန်းရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချခြင်း



မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့် ရောက်ပစ္စည်းများအား (၂၉-၆-၂၀၁၇) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းချမ်းအောင် မှ ဥက္ကဋ္ဌအဖြစ် ပါဝင် သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၁) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၁၁) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Iron Sheet များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7210.90.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



PVC Strip များ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်း ရာ HS Code မှာ 3921.11.90 ဖြစ်ပြီး အကောက် ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။



Printer Parts များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို HS Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8443.99.90 ဖြစ်ပြီး အကောက်ခွန် 1 % ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Automatic Block Making Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8474.80.10 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Food Flavour များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2106.90.59 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






Baby Diaper များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 9619.00.19 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




မလေးရှားနိုင်ငံမှ Good Coffee များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို နှင့် မည်သည့်ဌာနတွင် လျှောက်ထားရမည်ကိုမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

MACCS System အသုံးပြုရန်အတွက် Private Terminal Software အား မည်သည့်ဌာနတွင် သွားရောက်ထုတ်ယူရမည်ကို မေးမြန်းရာ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ MACCS ဌာနခွဲမှ Help Desk Section တွင် User ID, Password, E Token တို့နှင့်အတူ ၎င်း Software အား လာရောက်ထုတ်ယူနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။